## စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၉) ရက်

စတုတ္ထအကြိမ်မြောက်မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီအစည်းအဝေးကို ၂၉-၄-၂၀၂၁ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ Zoom Meeting ဖြင့် ကျင်းပခဲ့ပါသည်။

အဆိုပါ လုပ်ငန်းကော်မတီအစည်းအဝေးတွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက စတုတ္ထအကြိမ် မြန်မာနိုင်ငံ ကလေးလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ညှိနှိုင်းအစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက်များ၊ စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ ပြန်လည်ဖွဲ့စည်းရေး၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ စာရင်းကောက်ယူရန် ကျန်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၆ ခုတွင် ကလေးလုပ်သားစစ်တမ်း ဆက်လက် ကောက်ယူနိုင်ရေး တို့ကို ဆွေးနွေးမှာကြားပါသည်။

ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းနယ်မြေများတွင်ကောက်ယူခဲ့သည့် ကလေးလုပ်သားစစ်တမ်းအစီရင်ခံစာ (၂၀၁၉-၂၀၂၀) နှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ကလေးလုပ်သားစစ်တမ်း ဆောင်ရွက်ဆဲ အခြေအနေများနှင့် စာရင်းကောက်ယူရန် ကျန်ရှိနေသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် နေပြည်တော်ကောင်စီတို့တွင် စစ်တမ်းကောက်ယူရန် စီမံဆောင်ရွက်မှုနှင့် အချိန်ကာလ၊ ပံ့ပိုးပေးမည့် နည်းပညာအကူအညီများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်က စစ်တမ်းကောက်ယူမည့် အသေးစိတ် စီမံချက် အချိန်ဇယားတို့ကို လည်းကောင်း တင်ပြ ဆွေးနွေးခဲ့ပါသည်။

ထို့အပြင် တက်ရောက်လာကြသော သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ကော်မတီ၏ ပြန်လည်ဖွဲ့စည်းမှု၊ လက်ရှိ နယ်မြေအခြေအနေများ၊

စစ်တမ်းကောက်ယူရန် ဘတ်ဂျက်အခြေအနေနှင့် အချိန်ဇယားတို့ကို ရှင်းလင်းတင်ပြပါသည်။ အစည်းအဝေးသို့ စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်များနှင့် ဗဟိုစာရင်းအင်းအဖွဲ့မှ အရာထမ်း/ အမှုထမ်း စုစုပေါင်း (၄၆) ဦးတက်ရောက်ခဲ့ကြပါသည်။







